

# Davanci Code

လွန်ခဲ့သောလအနည်းငယ်ခန့်က ကမ္ဘာကျော်ရုပ်ရှင်သရုပ်ဆောင် (Mel Gibson) ရိုက်ကူးသော (Passion of Christ)ရုပ်ရှင်ကားသည် ကမ္ဘာတဝှမ်းရှိ ရုပ်ရှင်ပရိတ်သတ်များ၏နှလုံးသားကိုဆွဲကိုင်လှုပ်ခါနိုင်ခဲ့ကာ ဝင်ငွေအမြတ် မီလျံ (၃၀၀)ကျော်ရရှိခဲ့သည်ကို အားလုံးအမှတ်ရနေဦးမည်ဖြစ်ပေသည်။ ယခုတဖန် ရုပ်ရှင်ပရိတ်သတ်များ၏စိတ်ဝင်စားမှုကို ရယူနိုင်မည့် ဘာသာရေးကိုအခြေခံသည့် ရုပ်ရှင်တစ်ကားအမေရိကားတွင်ရုံတင်ပြသနေပေသည်။ စာရေးဆရာ Dan Brown ရေးသားသော Da Vinci Code ကိုရိုက်ကူးထားသည့် ရုပ်ရှင်ကားကြီးပင်။

ထိုစာအုပ်ကိုဖတ်ရှုသူတိုင်း မေရီမာဂဒလသည်အဓိကနေရာတွင်ပါဝင်ကပြသူဖြစ်ကြောင်းသတိထားမိကြပေမည်။

ထိုစာအုပ်တွင်ဖော်ပြထားသည့်အတိုင်းဆိုလျှင် သခင်ယေရှုနှင့် တမန်တော်များ၏နောက် ဆုံးညစာစားပွဲ the last Supper တွင်အသုံးပြုခဲ့သည်စပျစ်ရည်ခွက်သည် သခင်ယေရှု၏အသွေးတော်ကိုဆောင်သည့်စပျစ်ရည်ထည့်သည့် ခွက်တစ်ခုမဟုတ်ခဲ့ဘဲ သခင်ယေရှု၏အသွေးဖြင့်ရသော ပဋိသန္ဓေကိုလွယ်ထားသည့် လူသားစင်စစ် မေရီမာဂဒလ ဟု အမည်ရသောအမျိုးသမီးဖြစ်သည်။ ထိုအမျိုးသမီးသည် ခရစ်ယာန်ဘာသာ တစ်ခုလုံးကို ကျဆင်းရုံမျှမကပျောက်ကွယ်သွားနိုင်သည် အထိစွမ်း ဆောင်နိုင်သည့်လျှို့ဝှက်ချက်များနှင့်ပြည့်နှက်နေသူဖြစ်သည်ဟု အဆိုပါစာအုပ်တွင် ညွှန်းဆိုထားပေသည်။

အဆိုပါစာအုပ်တွင်ပါရှိသည့် ဒဏ္ဍာရီဆန်ဆန် အကြောင်းအရာများကိုဆက်ဖတ်ကြည့်ပါက သခင်ယေရှုသည် အဆိုပါအမျိုးသမီးနှင့်လက်ထပ်ထားကြောင်း စာရာ ဟူသော သမီးငယ်တစ်ယောက်ကိုလည်းနောင်တွင် မွေးဖွါးခဲ့ကြောင်းဆိုထားသည်။ ထိုအဖြစ်အပျက်မှန်ကို နာမည်ကျော်ပန်းချီဆရာကြီး Davinci ကအသေအချာနားလည်သိရှိသဖြင့် သူရေးဆွဲခဲ့သည့်'နောက်ဆုံးညစာစားပွဲ' (The Last Supper) ပန်းချီကားချပ်တွင်အမိအရ သရုပ်ဖော်ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

Dan Brown ၏အဆိုအရ ထိုပန်းချီကားတွင်သခင်ယေရှု၏ လက်ယာဖက်တွင်ထိုင်နေသောသူသည် အနုပညာနှင့် ပတ်သက်သည့် သမိုင်းသုသေသီတိုင်းလက်ခံယုံကြည်သည့် အတိုင်း တမန်တော်ရှင်ယောဟန် မဟုတ်ဘဲ မေရီမာဂဒလ ဖြစ်သည်။ သူတို့နှစ်ယောက်၏ကြားကိုအသေအချာကြည့်ပါက အင်္ဂလိပ်စာလုံး V ပုံစံကိုတွေ့မြင်ရသည်။ ၎င်းပုံသဏ္ဍာန်သည် ရှေးခေတ်နတ်ကိုးကွယ်သူတို့၏ 'မိန်းမ' နှင့် သက်ဆိုင်သော သရုပ်ကိုဖော်ပြသည့် အမှတ်လက္ခဏာဖြစ်သည်ဟုဆိုသည်။ ထို့အပြင်စာရေးသူက အင်္ဂလိပ်စာလုံး M ပုံသဏ္ဍာန်ကိုလည်းထိုပန်းချီကားချပ်တွင်တွေ့မြင်ရကြောင်းဆက်လက်၍ဆိုထားသည်။ ၎င်းမှာ မေရီမာဂဒလ (Mary Magdalene) သို့မဟုတ် (Matrimonio)ကိုသရုပ်ဖော်ထားခြင်းဖြစ်သည်ဟုဆိုသည်။ (Matrimonio)ကိုအဘိဓာန်ထဲတွင်ရှာကြည့်ပါက လက်ထပ်ထိမ်းမြားခြင်းနှင့် ဆိုင်သောအသုံးအနှုန်းဖြစ်သည်။

ဆက်လက်ထိုစာအုပ်တွင်ဖော်ပြထားသည်မှာ သခင်ယေရှုသည် ဂျူးလူမျိုးတစ်ဦးဖြစ်နေခြင်းသည် သူ့အမှန်တကယ် လက်ထပ်ထိမ်းမြားခဲ့ကြောင်းကိုခိုင်လုံစေသည့် အရေးကြီးသည့်သက်သေအထောက်အထားတစ်ခုဖြစ်သည်ဟုဆိုသည်။ အကြောင်းမှာ ထိုခေတ် ထိုအခါစဉ်က ဂျူးလူမျိုးတို့၏ဓလေ့အရ ယောကျ်ားတစ်ယောက်သည်အိမ်ထောင်မကျပါက လူရာမဝင် အဆင့်မမှီဟုသတ်မှတ်ခြင်းခံရသည်ဟုဆိုသည်။ ထို့ကြောင့် သခင်ယေရှု၏ဖခင်သည်သခင်ယေရှုအတွက် အဖော်သို့မဟုတ်အိမ်ထောင်ရှင်ဖက်ကိုစီစဉ်ပေးခဲ့မည်ဖြစ်သည် အကယ်၍မစီစဉ်ပေးခဲ့လျှင်လည်း ကျမ်းစာ၏တနေရာရာတွင်ဖော်ပြနေမည်ဖြစ်သည်။ သမ္မာကျမ်းစာ၏မည်သည့်နေရာတွင် မျှဖော်ပြမထားခြင်းသည် သခင်ယေရှုအိမ်ထောင်ကျခဲ့သည်ဆိုသော အယူအဆကိုသက်သေထူနေသကဲ့သို့ဖြစ်နေသည်ဟု အဆိုပါစာရေးသူက ဆိုထားသေးသည်။

စာရေးသူ အဓိကကိုးကားသုံးနှုန်းသော ကျမ်းကိုးစာအုပ်များကိုကြည့်လိုက်ပါက (Gnostic Gospels) ဟုခေါ်သည့် အီဂျစ်နိုင်ငံ (Nag Hammadi)အရပ်တွင်တူးဖော်ရရှိသည်ရှေးခေတ်ပုရပိုဒ်များဖြစ်သည်။ စာရေးသူ၏အဆိုအရ ဤပုရပိုဒ်များသည် ခရစ်ယာန်ဘာသာနှင့်ပတ်သက်၍ရှာဖွေတွေ့ရှိရသည့် အဦးဆုံးသောအရာများဖြစ်ပြီးသမ္မာကျမ်းစာ၏ (The four Gospels)နှင့်လည်းကွဲလွဲနေသည်ဟုဆိုသည်။

စာရေးသူကနောက်တဖန်ဖော်ပြထားသည်မှာ သခင်ယေရှုကသူမရှိတော့သည့်နောက် ပိုင်းသူ၏အမှုတော်မြတ်ကိုဆက်လက်ဦးဆောင်ရန် မေရီမာဂဒလကိုတာဝန်ပေးထားကြောင်း၊ ဤအကြောင်းကြောင့် တမန်တော်ရှင်ပေတရုသည် မေရီမာဂဒလ ကိုမနာလိုဝန်တိုဖြစ်နေ

ကြောင်းနှင့် ဤအဖြစ်မှန်ကိုသိရှိသော ပန်းချီဆရာ (Davici)က သူ၏ပန်းချီတွင်သရုပ်ဖော်ဆွဲထားကြောင်းရေးသားထားသည်။ ထိုပန်းချီတွင် မေရီမာဂဒလဖြစ်ပါသည် ဟု စာရေးသူကအတင်းယုံကြည်သူ၏လက်ယာဖက်တွင်ထိုင်နေသူသည် တမန်တော်ရှင်ပေတရုဖြစ်ကြောင်းနှင့် မေရီမာဂဒလ အပေါ်မနာလိုဝန်တိုဖြစ်မှုကိုသရုပ်ပေါ်စေရန် သူ၏လက်ကိုမေရီမာဂဒလ ၏လည်ပင်းပေါ်တွင် ဆွဲထားကြောင်းဆိုထားသည်။

စာရေးသူ(Dan Brown)က သခင်ယေရှုအိမ်ထောင်ကျကြောင်းသူယုံကြည်ရသည့် အချက်တစ်ချက်ကိုဆက်လက်ဖော်ပြထားသည်မှာ သခင်ယေရှုကိုယ်တိုင်သည် မင်းမျိုးမင်းနွယ်ဖြစ်သည့် ဒါဝိဒ်ဘုရင်ကြီး၏အဆက်အနွယ်ထဲမှဖြစ်သောကြောင့် အစ္စရေးလ်ဂျူး လူမျိုးတို့၏နောက်မင်းနွယ်မင်းဆက်တပါး ဖြစ်သော (Benjamin) အနွယ်ဝင်ဖြစ်သည့် မေရီမာဂဒလနှင့်လက်ထပ်ခြင်းဖြစ်သည်ဟုဆိုသည်။ ဂျူးလူမျိုးတို့၏တော်ဝင်မျိုးဆက်ကိုဆက်လက်ထိန်းသိမ်းရန်လက်ထပ်ခြင်းဖြစ်သည်ဟုဆိုလိုဟန်ပင်။ သခင်ယေရှုချီဆောင်တော်မူခြင်းခံရပြီးနောက် သခင်ယေရှု၏ ဦးလေးတော်သူ အရိမသဲမြို့သားယောသပ်က ကိုယ်ဝန်အရင့်အမာ နှင့်ဖြစ်နေသော မေရီမာဂဒလ ကိုပြင်သစ်နိုင်ငံသို့ခေါ်ဆောင်သွားပြီး သခင်ယေရှု၏ရင်သွေး စာရာ ကိုပြင်သစ်နိုင်ငံတွင်ဖွားမြင်ခဲ့သည်ဟုထိုစာအုပ်တွင်ရေးသားထားသည်။ စာရာ သည်ပြင်သစ်နိုင်ငံတွင်ကြီးပြင်းလာခဲ့ရာ ရာစုနှစ် ၅ ခုတိုင်အောင်သူ၏မျိုးဆက်သည်တိတ်ဆိတ်စွာလူမသိသူမသိရှင်သန်လာခဲ့ ပြီးမှ ပြင်သစ်တော်ဝင်မျိုးနွယ်မှတစ်ယောက်နှင့်ပေါင်းစပ်ကာ (Merovingian) ဟူသောမင်းမျိုးနွယ်ဆက်သစ်ဖြစ်လာသည် ဟုဆိုသည်။

စာရေးသူ (Dan Brown) ကိုယ်တိုင်က သူရေးသားသောဤစာအုပ်သည်(fiction)စိတ်ကူးယဉ်ဇာတ်လမ်းသာဖြစ်ကြောင်း ဝန်ခံထားသော်လည်း စာဖတ်သူအတော်များများက ဤဇာတ်လမ်းသည်အမှန်တကယ်ဖြစ်နိုင်သည်ဟုယုံကြည် နေကြသောကြောင့် ဤဇာတ်လမ်းတွင်ပါသောအကြောင်းအရာများကို သမ္မာကျမ်းစာနှင့်ယှဉ်လျက်အနည်းငယ်ဖော် ပြလိုသည်။

(၁)**မေရီမာဂဒလမည်သူနည်း**။

သမ္မာကျမ်းစာထဲတွင်သူမ၏အကြောင်းအရာများကို (မသဲ ၂၇း၅၅၊ မာကု ၁၆း၉၊ လုကာ ၈း၂) များတွင်တွေ့နိုင်ပြီး ကျမ်းစာအဆိုအရ သူမသည် သခင်ယေရှုသွားရာနောက် တကောက်ကောက်လိုက်ပါသည့် အမျိုးသမီးအချို့တွင်တစ်ယောက်အပါအဝင်ဖြစ်သည်ကိုတွေ့ရသည်။ မာကု ၁၆ ထဲတွင် သခင်ယေရှုသည်သူမအထဲမှနတ်ဆိုးများကိုနှင်ထုတ်သည်ဟုတွေ့ရှိရသည်။ မသဲ ၂၇း၄၅ ကသူမသည် သခင်ယေရှု အမှုရင်ဆိုင်စဉ် သူမလည်းရှိနေကြောင်းဖော်ပြထားပြီး ရှင်လုကာ ၂၃း၅၆ ထဲတွင် သူမသည် အရိမသဲမြို့သား ယောသပ်ကသခင်ယေရှုကိုဂူသွင်းမြှုပ်ရန်ပြုလုပ်စဉ်စောင့်ကြည့်နေကြောင်းဖော်ပြထားသည်။ ယော ၂၀း၁-၂၊ ယော ၂၀း၁၅-၁၆-၁၈ များတွင်လည်းသူမ၏အကြောင်းကိုတွေ့မြင်နိုင်သည်။ ဤသည်တို့မှာ သူမ၏အကြောင်းကိုသမ္မာကျမ်းစာ၏ဖော်ပြချက်များဖြစ်သည်။

(၂) **အိမ်ထောင်မပြုဘဲနေခြင်းသည် ဂျူးလူမှု ရေးစနစ်တွင်အမှန်တကယ်ကဲ့ရဲ့စရာဖြစ်ပါသလား**။

ဘုရားသခင်၏အလိုတော်နှင့်ပြည့်စုံသောအိမ်ထောင်ပြုခြင်းကိုဘုရားအလိုတော်ရှိသော်လည်း အိမ်ထောင်မပြုဘဲနေခြင်းသည် ကဲ့ရဲ့ရှုံ့ချစရာ ဖြစ်ကြောင်းကျမ်းစာ၏မည်သည့် နေရာတွင်မျှဖော်ပြထားခြင်းမရှိကြောင်းတွေ့ရှိရသည်။ ထို့အပြင်ဂျူးလူမျိုးတို့၏ တိကျပြင်းထန်သောဘာသာရေးစနစ်အောက်တွင် ကြီးပြင်းလာသော တမန်တော်ရှင်ပေါလုက ၁ကော ၇း၁၊ ၇ များတွင် ယောက်ျားသည်အိမ်ထောင်မပြုဘဲနေနိုင်လျှင်ကောင်းသည်ဟုပင်ဆိုထားသည်ကိုဖတ်ရှုနိုင်သည်။

(၃)**သခင်ယေရှုနှင့်မေရီအမှန်တကယ်လက်ထပ်ကြပါသလား**။

သခင်ယေရှုသည်မေရီနှင့်အမှန်တကယ်လက်ထပ်ခဲ့သည်ဆိုလျှင်ကျမ်းစာထဲတနေရာရာတွင်ဖော်ပြမည်သာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်လက်ထပ်ခြင်းသည် ဘုရားသခင်၏အလိုတော်ဖြစ်ကြောင်း ကမ္ဘာဦးကျမ်း ၂း၂၄ တွင်တွေ့ရှိနိုင်သည်။ ဟေဗြဲ ၁၃း၄ တွင်လည်း *"ခပ်သိမ်းသောသူတို့၌ မင်္ဂလာဆောင်ခြင်းအမှုနှင့် သစ္စာသံဝါသပြုခြင်းအမှုသည် အသရေရှိစေလော့ . . . ."* ဟုဆိုထားသည်။ ထို့ကြောင့် ကျမ်းစာအရ အသရေရှိသည်ဟူသော မင်္ဂလာဆောင်ခြင်းအမှုကိုသခင်ယေရှုအမှန်တကယ်ပြုခဲ့ပါလျှင် မြေကြီးလက်ခတ်မလွဲ သမ္မာကျမ်းစာတွင်ဖော်ပြထားပေမည်။ သမ္မာကျမ်းစာတွင် သခင်ယေရှုလက်ထပ်ကြောင်းမည်သည့်နေရာတွင်မျှမတွေ့ရပါ။

(၄) **သခင်ယေရှုသည်သူ၏တော်ဝင်မျိုးဆက်ကိုထိန်းသိမ်းရန်တော်ဝင်သူ မေရီမာဂဒလ နှင့်လက်ထပ်ခဲ့ပါသလား**။

ဤအဆိုကိုဖြေရှင်းရန် လွယ်ကူလှပါသည်။

(၁) မေရီမာဂဒလ သည် ဘင်ဂျမင် နွယ်မှဆင်းသက်လာသူဖြစ်ကြောင်းမည်သည့် သက်သေအထောက်အထား (ကျမ်းစာတွင်ဖြစ်စေ သမိုင်းတွင်ဖြစ်စေ) တစ်ခုမျှမရှိပါ။

(၂) ဘင်ဂျမင် အနွယ်သည် ဂျူးလူမျိုးများ ၏တော်ဝင်မင်းမျိုးမင်းနွယ် ဖြစ်သည်ဟုမည်သည့်အခါတွင်မျှ မည်သည့်ကျမ်းစာ၊ သမိုင်းအထောက်အထားတွင်မျှဖော်ပြထားခြင်းမရှိပါ။ ယုဒအနွယ်သာလျှင်ဂျူးလူမျိုးတို့၏မင်းမျိုးမင်းနွယ်ဖြစ်ကာ ဒါဝိဒ်ဘုရင်၊ ရှောလမုန် မင်းကြီးတို့သည် ယုဒအနွယ်ထဲမှဖြစ်ပြီး သခင်ယေရှုသည်လည်း ဤယုဒအနွယ်မှဖွါးမြင်ခြင်းကိုခံယူသည်။

(၃)ယော ၁၈း၃၆ တွင်သခင်ယေရှုက *"ငါ၏နိုင်ငံသည်ဤလောကနှင့်မစပ်ဆိုင်၊ ငါ၏နိုင်ငံသည်ဤလောကနှင့်စပ်ဆိုင်လျှင်၊ ငါသည်ယုဒလူတို့လက်ထဲသို့မရောက်စေခြင်းငှါ၊ ငါ၏လူတို့ သည်တိုက်လှန်ကြလိမ့်မည်၊ ယခုမူကား ငါ၏နိုင်ငံသည်ဤဒေသအရပ်နှင့်မစပ်ဆိုင်"* ဟု မိန့်မှာခဲ့သည်။ ဤလောကတွင် သူ၏မျိုးဆက် (မင်းမျိုးနွယ်ဆက်) ကိုထူထောင်ရန်ဆိုသော အတွေးအခေါ်အယူအဆနှင့် လုံးဝ

ဆန့်ကျင် ဖက်ဖြစ်နေသည်ကို တွေ့ရှိနိုင်သည်။

(၅) **Gnostic Gospel ဆိုတာဘာလဲ**။

အီဂျစ်နိုင်ငံ Nag Hammadi အရပ်တွင် ၁၉၄၅ ခုနှစ်တွင်ရှာဖွေရရှိသော ၅၂ အုပ်တွဲပါသည့် ရှေးဟောင်းပုရပိုဒ်များဖြစ်သည်။ ထို ၅၂ အုပ်တွင် (The Gospel of Thomas, The Gospel of Phillip, The Gospel of Truth, The Gospel of Egyptian စသော စာအုပ်များအပြင်တမန်တော်များကရေးသားထားသည်ဟုဆိုသော (The Secret book of James, The Apocalypse of Paul, The letter of Peter to Philip, The Apocalypse of Peter)စသောစာအုပ်များလည်းပါရှိသည်။ Gnostic ဟူသောစကားလုံးသည် ဂရိစကား Gnosis မှလာပြီး အဓိပ္ပါယ်မှာ Knowledge ဖြစ်သည်။

ဤတွေ့ရှိချက်သည်အမှန်တကယ်ဖြစ်ပြီး ဤGnostic Gospels များကိုပိုမို၍ပြည့်စုံစွာလေ့လာလိုလျှင် စာကြည့်တိုက်များသို့ပင်သွားစရာမလိုဘဲ အင်တာနက်ထဲတွင် ပင်လေ့လာနိုင်ပါသည်။ သို့သော်သိထားရမည့်အချက်တစ်မှာ ဤ Gnostic Gospels ကိုပြန်လည်တွေ့ရှိချိန်တွင် အတော်များများဖတ်၍မရနိုင်လောက်အောင်ပျက် စီးနေပြီဖြစ်ပြီး၊ မေရီ၏ဗျာဒိတ်ရူပါရုံ များရေးသားထားသောနေရာတွင်လည်း အစပိုင်းအနည်းငယ်နှင့် အဆုံး သတ်အနည်းငယ်သာရှိသည်ဟုဆိုသည်။ ခြုံငုံ၍သုံးသတ်ရသော် ဤ Gnostic Gospels များသည်အားကိုးယုံကြည်စိတ်ချရလောက်သော ရှေးဟောင်းပုရပိုဒ်များမဟုတ်ဟုဆိုရပေမည်။

(၆) **သခင်ယေရှုသည်မေရီမာဂဒလအားသူ၏အမှုတော်မြတ်ကိုဆက်ခံရန်တာဝန်လွှဲခဲ့ပါသလား**။

စာရေးသူ (Dan Brown)က သခင်ယေရှုသည်သူမရှိတော့သည့်နောက်ပိုင်း သူ၏အမှုတော်မြတ်ကိုဆက်လက်ဆောင်ရွက်ရန် တမန်တော်ရှင်ပေတရုကိုတာဝန်ပေးခဲ့ခြင်းမဟုတ်ဘဲ မေရီမာဂဒလ ကိုတာဝန်ပေးခဲ့ကြောင်းဆိုထားပေသည်။

အသေအချာလေ့လာမည်ဆိုလျှင် သခင်ယေရှုသည်သူ၏အမှုတော်မြတ်ကိုဆက်လက်ဆောင်ရွက်ရန် မည်သည့် တစ်ဦးတစ်ယောက်တည်းကိုမျှတာဝန်ပေးခဲ့ခြင်းမရှိသည်ကိုတွေ့ရသည်။

ဧဖက် ၂း၁၉–၂၁ တွင် "*ထို့ကြောင့် သင်တို့သည်တကျွန်းတနိုင်ငံသားမဟုတ်၊ ဧည့်သည်လည်းမဟုတ်၊ သန့်ရှင်းသူတို့၏ အမျိုးသားချင်းဖြစ်ကြ၏။ ဘုရားသခင်၏အိမ်တော်သားလည်းဖြစ်ကြ၏ – အဘယ်သို့နည်းဟူမူကား၊ တမန်တော်တို့မှစ၍ ပရောဖက်များတည်းဟူသော တိုက်မြစ်အပေါ်၌ သင်တို့သည်ထပ်ဆင့်၍တည်ဆောက်လျက်ရှိကြ၏၊ ထိုတိုက်ထောင့်အမြစ်ကျောက်ကားယေရှုခရစ်ဖြစ်သတည်း ...*"ဟုတွေ့ရသည်။

တဖန် ၁ပေ ၂း၉ တွင် "*သင်တို့မူကား၊ မှောင်မိုက်ထဲမှအံ့ဘွယ်သောအလင်းတော်သို့ ခေါ်သွင်းတော်မူသော သူ၏ ဂုဏ်ကျေးဇူးများကိုဘော်ပြစေခြင်းငှါ ရွေးချယ်တော်မူသော အမျိုးဖြစ်ကြ၏၊ မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသော အပေါင်းအသင်းဖြစ်ကြ၏ . . .*"ဟုဆိုထားပေသည်။ ဤကျမ်းချက်များကိုလေ့လာခြင်းအားဖြင့် သခင်ယေရှုသည် သူမရှိတော့သည့် နောက်ပိုင်း အမှုတော်မြတ်ကိုဆောင်ရွက်ရန် လူတစ်ဦးတစ်ယောက်တည်းကိုမဟုတ်ဘဲ ကျွန်ုပ်တို့အားလုံးကို အပ်နှံတာဝန်ပေးခဲ့သည်ကိုတွေ့ရှိရပေသည်။ ယုံကြည်သူ ကျွန်ုပ်တို့အားလုံးသည် အမှုတော်မြတ်ကိုဆောင်ရွက်ရန်ခန့်ထားသော သူများဖြစ်ကြသည်ကို မမေ့ကြပါနှင့်စို့။

(၇) **အရိမသဲမြို့သားယောသပ်သည် သခင်ယေရှု၏ ဦးလေးဖြစ်ပါသလား**။

သမ္မာကျမ်းစာထဲတွင် အရိမသဲမြို့သားယောသပ်သည် သခင်ယေရှုနှင့် မည်သို့အမျိုးတော်သည်ကိုဖော်ပြထားခြင်းမရှိပါ။ သူ၏အကြောင်းသမ္မာကျမ်းစာတွင်လေ့လာမည်ဆိုလျှင် . . .

(၁) သူသည် ယုဒပြည် အရိမသဲ မြို့မှဖြစ်သည် (လု ၂၃း၅၀)။
(၂) သူသည်ချမ်းသာကြွယ်ဝသောသူဖြစ်သည် (မသဲ ၂၇း၅၇)။
(၃) ဂုဏ်သရေရှိသော လွှတ်အရာရှိ (Member of the ruling council, Sanhedrin)ဖြစ်သည် (မာကု ၁၅း၄၃)။
(၄) ဘုရားသခင်၏နိုင်ငံတော်ကိုမျှော်လင့်သောသူဖြစ်သည် (မာကု ၁၅း၄၃)။
(၅) သူတော်ကောင်းတစ်ယောက်ဖြစ်သည် (လု၂၃း၅၁)။
(၆) သူသည်သခင်ယေရှု ကိုယုံကြည်ကိုးစားသောနောက်လိုက်၊ တပည့်တယောက်ဖြစ်သည် (ယော ၁၉း၃၈)။

မည်သည့်နေရာတွင်မျှ သခင်ယေရှု၏ဦးလေးဖြစ်ကြောင်းမဖော်ပြထားပါ။ The International Standard Bible Encyclopedia တွင် နောက်ဆုံးညစာစားပွဲ၌ အသုံးပြုသောစပျစ်ရည်ခွက်(Holy Grail)ကို အရိမသဲမြို့သားယောသပ်က အင်္ဂလန်နိုင်ငံသို့ယူသွားသည် ဟုဖော်ပြထားသည်။ ထို့ကြောင့် စာရေးသူ (Dan Brown) သည် (Holy Grail)စပျစ်ရည်ခွက်သည် အမှန်စင်စစ်ခွက်တစ်လုံးမဟုတ်ဘဲ သခင်ယေရှု၏အသွေးအသားကိုလွယ်ထားသောမေရီမာဂဒလ ကိုတင်စားထားခြင်းဖြစ်မည်ဟုစိတ်ကူးယဉ်တွေးတောခြင်းလည်းဖြစ်ပေမည်။

မည်သို့ပင်ဆိုစေ ဤဇာတ်လမ်းကိုရေးသားသူ(Dan Brown) ကိုယ်တိုင်ကစိတ်ကူးယဉ်ဇာတ်လမ်း(fiction)ဖြစ်ပါသည်ဟုအတိအကျဝန်ခံထားသကဲ့သို့ပင် ကျမ်းစာဖြင့်ကိုးကားအဖြေရှာကြည့်လျှင်လည်းအမှန်တကယ်မဖြစ်နိုင်သောစိတ်ကူးယဉ်ဇာတ်လမ်းတပုဒ်သာဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

နာမတော်မြတ်၌–

–သောင်းနိုး–

*Ref: 1.The Holy Bible*
*2. Various Sermons from internet*